

# ယုံကြည်စိတ်ချရတဲ့ အခမဲ့ Antivirus များ

အခမဲ့ download ဆွဲလို့ရတာတွေက ကိုယ့် PC ကို ကောင်းကောင်းကာကွယ်ပေးနိုင်ပါ့မလားလို့ မေးစရာ ရှိပါတယ်။ အဖြေကတော့ ကာကွယ်ပေးနိုင်ပါတယ်။ ဒါပေမဲ့ မှန်ကန်သင့်တော်တာကို ရွေးချယ်ဖို့တော့ လိုပါလိမ့်မယ်။ ဒီနေရာမှာတော့ ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်တဲ့ အခမဲ့လုံခြုံရေး program တွေကို စမ်းသပ်အဖြေထုတ်ထားပါတယ်။ >>

**တကယ်ကောင်းတဲ့ လုံခြုံရေး software တွေကို လူတိုင်းပဲ လိုချင်ကြမှာ အမှန်ပါပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ malware တစ်ခုလောက်များ လုံခြုံရေး စနစ်ကိုဖြတ်ပြီး PC ထဲကိုဝင်သွားရင်တောင် တော်တော်လေးကို ဒုက္ခပေးနိုင်လို့ပဲ ဖြစ်ပါတယ်။ ဒီတော့ အခမဲ့ antivirus software အသုံးပြုမယ်ဆိုရင်ရော ဘယ်လိုထင်ပါသလဲ။**

စာရေးသူတို့ရဲ့ စမ်းသပ်စစ်ဆေးချက်တွေအရ အခမဲ့ antivirus software ထဲက အချို့ကတော့ malware တွေကို ထောက်လှမ်းတာ၊ တားဆီး ကာကွယ်တာနဲ့ ဖယ်ရှားတာတွေကို ကောင်းကောင်း လုပ်ပေးနိုင်ပေမယ့် တချို့တွေကတော့ ကာကွယ်ပေးနိုင်ခြင်း မရှိပါဘူး။

ဒီတစ်ခါမှာတော့ နာမည်ကြီး antivirus software တွေကို စမ်းသပ် စစ်ဆေးတဲ့ AV-Test ဆိုတဲ့ အဖွဲ့နဲ့ပေါင်းပြီး စစ်ဆေးခဲ့ပါတယ်။ ဒီစစ်ဆေးမှုမှာ antivirus program ၉ ခုကို သူတို့နည်း သူတို့ဟန်နဲ့ စမ်းသပ်ခဲ့ပါတယ်။ Package တွေအားလုံးကို malware အသစ်တွေ အဟောင်းတွေနဲ့ ကာကွယ်နိုင်စွမ်း ရှိ မရှိကို AV-Test က စမ်းသပ်စစ်ဆေးခဲ့ပါတယ်။ ပြီးတော့ ဒီ malware အရှုပ်ထုပ်တွေကို ဘယ်လောက်အထိ ရှင်းပေးနိုင်လဲဆိုတာကိုလည်း တစ်ပါတည်း စမ်းသပ်ခဲ့ပါတယ်။ ဒီ program တစ်ခုစီက စက်ရဲ့လုပ်ဆောင်ချက်ကို ဘယ်လောက်အထိ နှောင့်နှေးသွားစေလဲဆိုတဲ့ အချက်ကိုတိုင်းတာဖို့အတွက် စက်အမြန်နှုန်းစမ်းသပ်စစ်ဆေးမှုတွေကိုလည်း လုပ်ခဲ့ပါသေးတယ်။ နောက်ဆုံးအနေနဲ့ program တွေကို install လုပ်ပြီးတဲ့နောက်မှာ တစ်ခုချင်းစီကို အသုံးပြုရတာ ဘယ်လောက်လွယ်ကူမှုရှိသလဲဆိုတာကိုပါ တိုင်းတာခဲ့ပါတယ်။

## ဘယ်အရာတွေများ အခမဲ့ရနိုင်မှာလဲ

အခမဲ့ antivirus program အများစုက အခြေခံကျတဲ့ ကာကွယ်မှုလောက်တော့ လုပ်နိုင်ပါတယ်။ ကိုယ်က ဒီ software တွေနဲ့ malware တွေကို scan ဖတ်လိုတဲ့ အခါမှာ ဖတ်နိုင်ပါတယ်။ ဒါ့ပြင် တချို့ program တွေက နောက်ကွယ်ကနေ run ပေးနေတာကြောင့် malware တွေကို မျက်ခြည်မပြတ် စောင့်ကြည့်နိုင်ပါတယ်။ ဒါပေမဲ့ အများ စုကတော့ firewall နဲ့ parental control တို့လိုမျိုး အပိုလုပ်ဆောင်ချက်တွေ မပါရှိပါဘူး။ (ခြွင်းချက်တစ်ခုကတော့ Comodo ရဲ့ အခမဲ့ရနိုင်တဲ့ internet security premium မှာတော့ firewall ပါပါတယ်။)

အခမဲ့ ဆိုတဲ့နောက်က ကပ်ပါလာတဲ့ မကောင်းတဲ့ အချက်ကြီးကတော့ ရွေးချယ်စရာကန့်သတ်ချက်တွေပဲ ဖြစ်ပါတယ်။ အခမဲ့ program အများစုမှာ အသုံးပြုသူတွေ ရင်ဆိုင်ရတဲ့ပြဿနာတွေကို ဆွေးနွေးလို့ရအောင် mes-

## LAB TESTED Which Free Antivirus Is Best?

AVG Anti-Virus

| ANTIVIRUS PROGRAM | Rating | Antivirus and antispyware detection | | | Infection cleanup | | Scan speed | |
|---|---|---|---|---|---|---|---|---|
| | | Signature-based detection of malware | Real-world malware: fully blocked attacks | Real-world malware: partially blocked attacks | Percentage of active malware disabled[1,2] | Percentage of active and inactive malware completely removed[1] | Scan speed on demand[1] in seconds[3] | Scan speed on access[1] in seconds[3] |
| 1 AVG Anti-Virus Free Edition 2012 find.pcworld.com/72879 | ★★★★½ SUPERIOR | 98.7% | 85.7% | 0.0% | 100.0% | 66.7% | 95 | 295 |
| 2 Avast Free Antivirus 7 find.pcworld.com/72880 | ★★★★½ SUPERIOR | 99.1% | 78.6% | 0.0% | 93.0% | 66.7% | 94 | 256 |
| 3 Panda Cloud Antivirus 1.5 find.pcworld.com/72881 | ★★★★ VERY GOOD | 99.9% | 85.7% | 0.0% | 87.0% | 60.0% | 370 | 445 |
| 4 Avira Free Antivirus 2012 find.pcworld.com/72882 | ★★★★ VERY GOOD | 99.7% | 70.4% | 0.0% | 80.0% | 66.7% | 91 | 294 |
| 5 Microsoft Security Essentials 2.1 find.pcworld.com/72297 | ★★★★ VERY GOOD | 97.0% | 71.4% | 0.0% | 93.0% | 80.0% | 236 | 403 |
| 6 PC Tools AntiVirus Free 2012 find.pcworld.com/72883 | ★★★½ VERY GOOD | 100.0% | 57.1% | 6.7% | 93.0% | 73.3% | 291 | 170 |
| 7 Comodo Internet Security Premium 5.9 find.pcworld.com/72884 | ★★★½ VERY GOOD | 98.2% | 78.6% | 21.4% | 80.0% | 33.3% | 271 | 838 |

CHART NOTE: Percentages rounded to nearest tenth of a percent. FOOTNOTES: [1]Test conducted at default settings. [2]Cleanup of active malware files. Does not include removal of Registry changes or inert




AVG က စမ်းသပ်ခဲ့တဲ့ free antivirous တွေ အားလုံးထဲမှာ အကောင်းဆုံးဖြစ်ပြီး malware တွေကို disible လုပ်တဲ့နေရာမှာ ပြီးပြည့်စုံမှု ရှိပါတယ်

sage board တွေ ထားပေးထားပါတယ်။ ဒါပေမဲ့ professional အဆင့်တော့ မရှိပါဘူး။ ခြွင်းချက်တွေတော့ ရှိပါသေးတယ်။ နမူနာအနေနဲ့ Comodo မှာ သူ့ဆီက နည်းပညာရှင်တစ်ယောက်နဲ့ တိုင်ပင်ခွင့်ရသလိုမျိုး ဖြေရှင်းနိုင်တဲ့ GeekBuddy software မျိုးတွေ ရှိပါတယ်။

## ဘယ် package က ကိုယ့်အတွက် အသင့်တော်ဆုံးဖြစ်မလဲ

စမ်းသပ်ချက်မှာတော့ AVG Anti-Virus Free Edition 2012 က ထိပ်ဆုံးမှာရှိနေပါတယ်။ သူက မြန်နှုန်းမြင့်ပါတယ်။ နောက်ဆုံးပေါ် malware တွေကိုလည်း ကောင်းကောင်း ကာကွယ်နိုင်တဲ့အပြင် malware တွေ ကူးစက်ခံထားရတဲ့ PC တွေကိုလည်း ကောင်းကောင်းကိုင်တွယ်ဖြေရှင်းနိုင်ပါတယ်။ ပြီးတော့ Avast Free Antivirus 7 နဲ့ Panda Cloud Antivirus 1.5 တို့က ထိပ်ဆုံးကနေဆိုရင် နံပါတ် ၂ နဲ့ ၃ နေရာမှာ ရပ်တည်နေကြပါတယ်။

ဒါမှမဟုတ် နဂိုရှိပြီးသား antivirus software ကို ထပ်မံအားဖြည့်ချင်တယ်ဆိုရင်တော့ PC Tools Threatfire ကို ရွေးချယ်သင့်ပါတယ်။ စမ်းသပ်ချက်အရတော့ malware အသစ်တွေကိုတားဆီးရာမှာ ဒီ software က အလွန်ကောင်းမွန်ပါတယ်။ ဒီ Threatfire က behavioral analysis ကို အခြေပြုပြီး malware တွေကို တားဆီးတာဖြစ်ပါတယ်။ ဆိုလိုတာက program တွေ PC ပေါ်မှာ ဘယ်လိုပြုမူဆောင်ရွက်သလဲဆိုတာကို စောင့်ကြည့်တာဖြစ်ပါတယ်။ ဒါပေမဲ့ ပုံမှန် antivirus application တွေက malware definition file၊ ဒါမှမဟုတ် နည်းပညာအသစ်တွေကို ပေါင်းစပ်အသုံးပြုပြီး ခြိမ်းခြောက်မှုတွေကို တားဆီးပါတယ်။ Threatfire က malware တွေ မဝင်ရောက်ခင်ကတည်းက ကာကွယ်တာဖြစ်လို့ ကူးစက်မခံရသေးတဲ့ PC မှာ သွင်းဖို့တော့ လိုအပ်ပါတယ်။

Antivirus တွေကို ဘယ်လိုအမှတ်ပေးလည်းဆိုတာနဲ့ ပတ်သက်လို့ အသေးစိတ်သိချင်ရင် *find.pcworld.com/72578* မှာကြည့်နိုင်ပါတယ်။ ပြီးတော့ ဒီ package တွေရဲ့ အသေးစိတ်သုံးသပ်ချက်တွေကိုလည်း ဒီဆောင်းပါးရဲ့ online version ဖြစ်တဲ့ *find.pcworld.com/72841* မှာ လေ့လာနိုင်ပါတယ်။ အောက်မှာဆက်လက်ပြထားတာကတော့ ရမှတ်အလိုက်စီထားပြီး ပုံနဲ့တကွ ဖော်ပြထားတဲ့ သုံးသပ်ချက်ပဲဖြစ်ပါတယ်။

Free Edition leads the field in 2012.

| | Design score | Bottom line |
|---|---|---|
| | Good | AVG Anti-Virus Free Edition is our all-around winner, thanks to its strong results in our malware protection tests and its perfect showing at disabling malware. |
| | Very Good | A solid second-place finisher, Avast Free Antivirus does a good job of protecting a PC, and it won't slow you down much. |
| | Very Good | Panda Cloud Antivirus capably keeps malware at bay, but its scan speeds are abysmally slow. |
| | Good | This tool is fast, but Avira's middling detection, blocking, and cleanup results consign it to the middle of the pack. |
| | Very Good | Microsoft Security Essentials is easy to use, but we weren't terribly impressed by its detection capabilities. |
| | Very Good | PC Tools AntiVirus Free lagged the pack when it came to stopping new malware. |
| | Very Good | Although Comodo's free suite gets bonus points for bundling a firewall, it falls behind most of its peers in stopping malware. |

files. [7]Time to scan 4500MB of data; lower is better.



## AVG Anti-Virus Free Edition

ပထမနေရာက AVG Anti-Virus Free Edition 2012 ဟာ စမ်းသပ်စစ်ဆေးမှုတွေ အားလုံးကို ချောချောမောမောပဲ အောင်မြင်ခဲ့ပါတယ်။ Malware တွေကို လက်တွေ့ဖမ်းဆီးနိုင်မှု စမ်းသပ်ချက်ဆိုတာ antivirus package တစ်ခုအနေနဲ့ နောက်ဆုံးပေါ် malware တွေကို ဘယ်လောက်တားဆီးနိုင်လဲဆိုတာကို တိုင်းတာတာမျိုး ဖြစ်ပါတယ်။

နမူနာတွေနဲ့စမ်းသပ်ရာမှာ အခမဲ့ AVGကတော့ နမူနာပေါင်း ၁၂၉,၀၀၀ ရဲ့ ၉၈.၇ ရာခိုင်နှုန်းလောက်ကို ကာကွယ်နိုင်ပါတယ်။ ဒီနမူနာကတော့ လွန်ခဲ့တဲ့ ၄ လလောက်ကတည်းက စုဆောင်းထားတဲ့ malware တွေ ဖြစ်ပါတယ်။ ရလဒ်ကတော့ ကောင်းတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ အရင်တုန်းကရှိခဲ့တဲ့ အကောင်းဆုံးရလဒ်နဲ့ယှဉ်ရင် နည်းနည်းတော့ လိုပါသေးတယ်။



Malwareတွေကူးစက်ခံရမှုကနေ ကာကွယ်ပေးနိုင်ရာမှာတော့ AVGက ထိပ်ဆုံးမှာ ရှိပါတယ်။ စာရေးသူတို့ရဲ့ PC စမ်းသပ်မှုမှာ မှုမမှန်တဲ့ softwareတွေ တော်တော်များများကို သိရှိနိုင်ပြီး အားလုံးကိုလည်း ဖယ်ရှားနိုင်ပါတယ်။ ဒါ့အပြင် malwareတွေရဲ့ trackလုပ်မှုတွေကိုလည်း သုံးပုံနှစ်ပုံစာလောက် ရှင်းပေးနိုင်ပါတယ်။

AVGက PCကို scanဖတ်ရာမှာ တော်တော်လေးမြန်ပါတယ်။ 4.5GBလောက်ရှိတဲ့ dataတွေ scanဖတ်ခိုင်းရာမှာ ၁ မိနစ် နဲ့ ၃၅ စက္ကန့်ပဲ ကြာပါတယ်။ ဒီစမ်းသပ်မှုမှာတော့ အမြန်ဆုံးစံချိန်ထက် ၄ စက္ကန့်ပဲ နှေးကာ တတိယအမြန်ဆုံးပဲ ဖြစ်ပါတယ်။ ဒါက on-access scanner စစ်ဆေးမှုမှာတော့ အထက်က dataပမာဏအတူတူချင်းမှာ ၄ မိနစ်နဲ့ ၅၅ စက္ကန့်ကြာပါတယ်။ On-access scanner ဆိုတာက file တစ်ခုကို ဖွင့်လိုက်တဲ့ အချိန်ကစပြီး သိမ်းလိုက်တဲ့အထိ စောင့်ကြည့်စစ်ဆေးတာ ဖြစ်ပါတယ်။ ဒါကတော့ စမ်းသပ်ခဲ့တဲ့ program တွေထဲမှာ သာမန်အဆင့် လောက်ပဲ ရှိပါတယ်။

AVGရဲ့ main interfaceကို နှစ်သက်ပါတယ်။ Advanced settingsမှာတော့ အသုံးပြုသူတချို့ကိုတော့ ရှုပ်ထွေးစေပါတယ်။ ဒီအချက်ကို ဘေးဖယ်ထားပြီး စဉ်းစားလိုက်တဲ့အခါ တည်ငြိမ်မြန်ဆန်တဲ့ PC ကာကွယ်မှုကို လိုက်ရှာနေတယ်ဆိုရင် AVG အပြင် မရှိတော့ပါဘူး။

## Avast Free Antivirus

ဒီနှစ်အတွက်တော့ Avastက ဒုတိယနေရာ မှာရှိပါတယ်။ Free Antivirus 7က malwareတွေကို ကာကွယ်တဲ့နေရာမှာ အတော်လေးကို ထိရောက်မှုရှိပါတယ်။ သူ့မှာ စွယ်စုံသုံးလို့ရတဲ့ interface လည်း ပါရှိပြီးတော့ malwareတွေနဲ့ စစ်ဆေးမှုတွေကိုလည်း လျင်လျင်မြန်မြန်ပဲ ဖြတ်ကျော်နိုင်ခဲ့ပါတယ်။

လက်တွေ့မှာ ကြုံရတဲ့ နောက်ဆုံးပေါ်ခြိမ်းခြောက်မှုတွေကို ကာကွယ်တဲ့နေရာမှာတော့ Avastက အားနည်းပါတယ်။ Avastက ခြိမ်းခြောက်မှုများရဲ့ ၇၈.၆ ရာခိုင်နှုန်းပဲ ဖမ်းမိနိုင်ခဲ့ပါတယ်။ ဒါဟာ အကောင်းမွန်ဆုံး အခြေအနေ မဟုတ်ပါပေမယ့် သာမန်ထက်တော့သာပါတယ်။ Avastက နာမည်ကြီး malwareတွေကို တားဆီးတဲ့နေရာမှာတော့ အမှန်တကယ်ကို ကောင်းပါတယ်။ Zoo test မှာ စမ်းသပ်ချက်ရဲ့ ၉၉.၁ ရာခိုင်နှုန်းကို ထောက်လှမ်း သိရှိနိုင်ပါတယ်။ ဒါက သူ့ရဲ့ အားသာချက်တစ်ခုပါပဲ။ ပြီးတော့ malwareတွေကူးစက်ခံရခြင်းမှလည်းကောင်းစွာ ရှင်းလင်းနိုင်ပါတယ်။ စမ်းသပ်တဲ့ PCထဲမှာထည့်ထားတဲ့ malwareတွေအားလုံးကို ဖမ်းပေးနိုင်ခဲ့ပြီး ၉၃ ရာခိုင်နှုန်းလောက်ကိုလည်း ဖယ်ရှားပစ်နိုင်ခဲ့တဲ့အတွက် ဒုတိယ အကောင်းဆုံးနေရာမှာ ရပ်တည်နိုင်ခဲ့တာပါ။ ဒီ utilityက malwareတွေရဲ့ ခြေရာခံမှုတွေကိုပါ သုံးပုံနှစ်ပုံစာလောက် ရှင်းပေးနိုင်ပါသေးတယ်။

Avastက PCကို အရမ်းမနှေးသွားစေပါဘူး။ On-demand scanနဲ့ စမ်းသပ်ရာမှာ ၁မိနစ် နဲ့ ၃၄ စက္ကန့်ပဲ ကြာကာ အုပ်စုထဲမှာ ဒုတိယအကောင်းဆုံး ဖြစ်ပါတယ်။ On-access testမှာတော့ ၄ မိနစ် နဲ့ ၁၆ စက္ကန့်ကြာပါတယ်။ ဒီရလဒ်ကတော့ တတိယအကောင်းဆုံးအနေနဲ့ သတ်မှတ်လို့ရပါတယ်။

Avastရဲ့ interfaceမှာ လုပ်ဆောင်ချက်တွေ အများကြီးပါပါတယ်။ Advanced user တွေအနေနဲ့ settings မှာ ဖွင့်ပိတ်စမ်းသပ်စရာတွေ အများကြီး တွေ့ရမှာပါ။ ဒါကတော့ လွယ်ကူရိုးရှင်းတာမျိုး မဟုတ်ပေမယ့် မကျွမ်းကျင်တဲ့ user တစ်ယောက်အတွက် စိုးရိမ်နေစရာတော့ မလိုပါဘူး။




Avast ကတော့ ဒုတိယနေရာရခဲ့ပြီး ၉၉.၁ ရာခိုင်နှုန်း Zoo-test sample တွေကို ကာကွယ်ပေးနိုင်ခဲ့ပါတယ်




Avira free antivirus မှာ overview panel ရှိပါတယ်

## Panda Cloud Antivirus

Panda Cloud Antivirus 1.5 က antivirus တွေကို setting လွယ်လွယ်ကူကူချရတာ ကြိုက်သူတွေအတွက် သင့်တော်ပါတယ်။ ပြီးတော့ လွယ်လင့်တကူ အသုံးပြုနိုင်မယ့် interface လည်းရှိပါတယ်။ Panda က malware တွေကို ကောင်းကောင်းရပ်တန့်နိုင်ကာ setting တွေကြောင့် ထပ်ပြီး ခေါင်းရှုပ်မခံလိုသူတွေအတွက် အသင့်တော်ဆုံးပါပဲ။

Panda က နောက်ဆုံးပေါ် malware တွေရဲ့ ၈၅.၇ ရာခိုင်နှုန်းကိုလည်း တားဆီးပေးနိုင်ပါတယ်။ ဒီရလဒ်ကတော့ AVG နဲ့ တူတူပဲဖြစ်ပါတယ်။ အခမဲ့ Panda က malware zoo test နမူနာတွေရဲ့ ၉၉.၉၄ ရာခိုင်နှုန်းကို ထောက်လှမ်းသိရှိနိုင်တဲ့အတွက် ဒီနေရာမှာ AVG ထက် သာလွန်သွားခဲ့ပါတယ်။ ကူးစက်မှုတွေကို ရှင်းလင်းတဲ့ နေရာမှာတော့ ဆိုးဆိုးဝါးဝါး မဟုတ်ပေမယ့် အကောင်းကြီးလို့လည်း မဆိုနိုင်ပါဘူး။ စမ်းသပ်ချက်မှာ ကူးစက်မှုအားလုံးကို သိရှိပေမယ့် ၈၇ ရာခိုင်နှုန်းကိုပဲ ဖယ်ရှားနိုင်ခဲ့ပါတယ်။ ဒါက သာမန်အဆင့်မျှသာ ဖြစ်ပါတယ်။ ကူးစက်မှုတွေရဲ့ ၆၀ ရာခိုင်နှုန်းကိုတော့ အပြီးအပိုင် ရှင်းလင်းနိုင်ခဲ့ပါတယ်။ ဒါဟာလည်း သာမန်လောက်ပဲ ရှိပါတယ်။

တချို့စမ်းသပ်မှုတွေမှာတော့ Panda က ထင်သလောက် မမြန်ပါဘူး။ ပြီးတော့ internet ကနေ file တွေကို download ဆွဲချရာမှာလည်း အတော်အတန် နှေးနေပါတယ်။ Scan ဖတ်တဲ့ အမြန်နှုန်းကလည်း မြင်ဖူးသမျှထဲမှာ အနှေးဆုံးဖြစ်ပါတယ်။ On-demand scan က ၆ မိနစ်နဲ့ ၁၀ စက္ကန့်ကြာပြီး၊ on-access scan ကတော့ ၇ မိနစ်နဲ့ ၂၅ စက္ကန့်ကြာပါတယ်။

အမြန်နှုန်းထက် ရိုးရှင်းမှုကို နှစ်သက်တယ်ဆိုရင်တော့ Panda Cloud antivirus ကို ရွေးသင့်ပါတယ်။ Malware တွေ ဖမ်းနိုင်မှုမှာလည်း နာမည်ကြီးတဲ့အတွက် ရွေးချယ်သင့်တဲ့ အမျိုးအစားထဲမှာ ပါဝင်ပါတယ်။

## Avira Free Antivirus

Avira Free Antivirus 2012 ကမြန်ဆန်ပြီးတော့ အကောင်းပကတိရှိတဲ့ file တွေကို အရင်ကလို warning ပြတာမျိုး မရှိတော့ပါဘူး။ ဒါပေမဲ့ malware တွေကိုတော့ အကောင်းဆုံး မထောက်လှမ်းနိုင်ပါဘူး။ ပြီးတော့ သူ့ရဲ့ interface ကလည်း တော်တော်လေးကို ရှုပ်ထွေးပါတယ်။

လက်တွေ့မှာ Avira က နောက်ဆုံးပေါ် virus တွေရဲ့

## PC Tools Threatfire: အရမ်းကောင်းတဲ့ အားဖြည့်ချက်တစ်ခု

PC Tools Threatfire က လက်ရှိ antivirus software ကိုတော့ အစားထိုးနိုင်ခြင်း မရှိသေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကူးစက်ခံရပြီးသား malware တွေကို ရှင်းပစ်နိုင်မှာ မဟုတ်လို့ပါ။ သူ့ရဲ့ စွမ်းဆောင်ချက်ကတော့ malware အသစ်စက်စက်တွေကို ထိထိ ရောက်ရောက် ကာကွယ်ပေးနိုင်ခြင်းပဲ ဖြစ်ပါတယ်။ ဒီအချက်ကြောင့် Threatfire ကို malware zoo test မှာ မစစ်ဆေးနိုင်ခဲ့ပါဘူး။ Threatfire က malware တွေဖမ်းတဲ့နေရာမှာ သင်္ကေတတွေကို အသုံးပြုတာ မဟုတ်ပါဘူး။ သူက အလုပ်လုပ်တဲ့ပုံစံကိုကြည့်ပြီးစစ်ဆေးတာ ဖြစ်ပါတယ်။ ဒါကတော့ ကျူးကျော်လာသူ malware တွေက စက်တွေပေါ်မှာ ဘာတွေလုပ်မှာလဲဆိုတာကြည့်ပြီး ကာကွယ်တာ ဖြစ်ပါတယ်။

ဒီနည်းပညာက malware အသစ်တွေကို ဖမ်းတဲ့နေရာမှာ Threatfire ကို အရမ်းပြည့်စုံသွားစေပါတယ်။ လက်တွေ့စမ်းသပ်ချက်မှာလည်း malware အသစ်တွေကို ကောင်းကောင်းကာကွယ်နိုင်ခဲ့ပါတယ်။ ဒီလိုကာကွယ်တဲ့နေရာမှာ ၉၂.၉ ရာခိုင်နှုန်းလောက်ကို အပြည့်အဝကာကွယ်နိုင်ပြီး ကျန်တဲ့ ၇.၁ ရာခိုင်နှုန်းလောက်ကို တစ်ဝက်လောက် ကာကွယ်နိုင်ပါတယ်။ ဒါက ဒီနှစ် antivirus တွေထဲမှာ အကောင်းဆုံးရလဒ်ပဲ ဖြစ်ပါတယ်။ ရှေ့မှာ ပြောထားတဲ့အတိုင်း ကုသတဲ့အပိုင်းမှာ Threatfire က မကောင်းလှပါဘူး။ စမ်းသပ်တဲ့ PC မှာရှိတဲ့ ကူးစက်ခံရသမျှရဲ့ တစ်ဝက်လောက်သာ ထောက်လှမ်းတားဆီးနိုင်ခဲ့ပါတယ်။ အဲဒါကြောင့် ကူးစက်ခံရမှု မရှိသေးတဲ့ PC မှာ သွင်းတာက အကောင်းဆုံးဖြစ်မှာပါ။ Threatfire က antivirus တွေနဲ့ အတူတူ လုပ်ဆောင်ဖို့ design လုပ်ထားတာ ဖြစ်ပါတယ်။ PC အသစ်တစ်လုံး ဝယ်ရာမှာ Threatfire သွင်းထားပြီးသားဆိုရင်တော့ တကယ်ကို ပြည့်စုံတဲ့ကာကွယ်မှုတစ်ခု ဖြစ်ပါတယ်။ ■

၇၀.၄ ရာခိုင်နှုန်းကိုပဲ ဖမ်းမိပါတယ်။ ဒါကတော့ သာမန်ထက်ကို ညံ့ပါတယ်။ စက်အတွင်း malware ကူးစက်ခံရမှုအလုံးစုံကို သိရှိနိုင်ပေမယ့်လည်း အဲဒီကူးစက်မှုရဲ့ ၈၀ ရာခိုင်နှုန်းလောက်ကိုပဲ ဖယ်ရှားပေးနိုင်ပါတယ်။ ဒီအချက်ကတော့ သာမန်အောက်ရောက်တဲ့ အချက်ဖြစ်ပါတယ်။ Avira ရဲ့ interface က စွဲမက်စရာ မကောင်းပါဘူး။ သူ့ရဲ့ပုံစံက အရင်က version နဲ့စာရင်တော့ ပိုကောင်းလာပါတယ်။ ဒါပေမဲ့ interface က သာမန်လူ နားလည်နိုင်ဖို့ မလွယ်ကူပါဘူး။ ဒ့ါအပြင် ကြော်ငြာတွေကိုလည်း ပြနေပါသေးတယ်။

ဒါပေမဲ့လည်း Avira ရဲ့ ရလဒ်တွေကတော့ အဆိုးဝါးကြီး မဟုတ်ပါဘူး။ Zoo test မှာ စမ်းသပ်သမျှ malware တွေရဲ့ ၉၉.၇ ရာခိုင်နှုန်းကို ထောက်လှမ်းနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် malware မဟုတ်တဲ့ file တွေကို မှားယွင်းမိတာမျိုး မရှိတော့တဲ့ Antivirus နှစ်ခုထဲက တစ်ခုလည်းဖြစ်ပါတယ်။ On-demand scan က ၁ မိနစ်နဲ့ ၃၁ စက္ကန့်ပဲ ရှိပါတယ်။ ဒါကတော့ စမ်းသပ်ခဲ့သမျှမှာအကောင်းဆုံးဖြစ်ပါတယ်။ On-access scan မှာ ၄ မိနစ်နဲ့ ၅၄ စက္ကန့်ဆိုတဲ့အချက်က လေးစားစရာပါ။



Avira ကတော့ PC ကို malware တွေရဲ့ရန်ကနေ မတားဆီးပေးနိုင်ဘူးလို့ မဆိုလိုပါဘူး။ ဒါပေမဲ့ အမှတ်ကောင်းကောင်းရထားတဲ့ AVG ၊ Avast ၊ ဒါမှမဟုတ် Panda တို့ကို ဦးစားပေး စဉ်းစားသင့်ပါတယ်။

## Microsoft Securiy Essentials

အဆင့်ငါးနေရာမှာရှိတဲ့ Microsoft Security Essential 2.1 က ဟင်းလေးအိုးကြီးတစ်လုံးလိုပါပဲ။ သူ့ရဲ့ interface ကလည်း နှစ်ခြိုက်စရာပါ။ ကူးစက်ခံရတာတွေကို ရှင်းလင်းတဲ့နေရာမှာလည်း တော်တော်လေးကောင်းပါတယ်။ ဒါပေမဲ့ malware အသစ်နဲ့ တွေ့တဲ့အခါမှာ သိပ်မဟန်တော့ပါဘူး။ သူ့အလုပ်နဲ့သူကို ရှန်းကန်နေရပါတယ်။ Security Essentials ရဲ့ user interface က ရှင်းလင်းပါတယ်။ Antivirus software တွေမှာ ရှုပ်ရှုပ်ထွေးထွေး interface တွေကြောင့် အချိန်ကုန်မခံချင်တဲ့သူတွေအတွက် အထူးသင့်တော်ပါတယ်။ ဒီ Microsoft ရဲ့ program က malware infection တွေကို ထိထိရောက်ရောက်နဲ့ ရှင်းပေးနိုင်ပါတယ်။ စမ်းသပ်ချက်တွေမှာ သူက ကူးစက်ခံရမှုတွေအားလုံးကို ထောက်လှမ်းပေးပြီး mal-ware တွေရဲ့ ၉၃ ရာခိုင်နှုန်းကျော်ကျော်ကို ရပ်တန့်နိုင်ခဲ့ပါတယ်။ Malware တွေရဲ့ ခြေရာခံမှုတွေကို ၈၀ ရာခိုင်နှုန်းစာလောက် ရှင်းပေးနိုင်ပါသေးတယ်။ ဒါက တခြားပြိုင်ဘက်တွေထက် ကို သာလွန်ပါတယ်။ ဒ့ါပြင် malware မဟုတ်တဲ့ file တွေကို မှားဖမ်းတာမျိုးမရှိတဲ့ Antivirus ၂ ခုထဲက တစ်ခုလည်း ဖြစ်ပါတယ်။

Security Essentials က malware တွေကို ဖယ်ရှားတဲ့နေရာမှာ ကောင်းပေမယ့် ကူးစက်ခံရပြီးသားစက်မှာတော့ ကောင်းကောင်းအလုပ်လုပ်မှာ မဟုတ်ပါဘူး။ လက်တွေ့ကျတဲ့ နောက်ဆုံးပေါ် malware တွေနဲ့ စမ်းသပ်မှုမှာ ၇၁.၄ ရာခိုင်နှုန်းကို တားဆီးနိုင်ပါတယ်။ ဒါက သာ မန်ထက် အနည်းအကျဉ်းညံ့ဖျင်းပါတယ်။ Zoo test မှာ တော့ ၉၇ ရာခိုင်နှုန်းပဲ ဖမ်းမိပါတယ်။ ဒါက သူ့ကို ပြိုင်ပွဲမှာ အဆင့်ကျသွားစေတဲ့အချက်ပဲဖြစ်ပါတယ်။ တခြား package တွေက ၉၉.၉ ရာခိုင်နှုန်းလောက် ဖမ်းပေးနိုင်ပါတယ်။

Security Essentials က စက်ကို လေးသွားစေတာမျိုး မရှိပါဘူး။ ဒါပေမဲ့ file copy test နဲ့ app-installation test မှာ သာမန်ထက် ဆိုးဆိုးရွားရွားစွမ်းဆောင်ခဲ့ပါတယ်။ စက်ကို scan ဖတ်တဲ့နှုန်းကလည်း နှေးကွေးပါတယ်။ On-demand scan ကလည်း ပုံမှန်ထက်နောက်ကျပြီး ၃ မိနစ်နဲ့ ၅၆ စက္ကန့်ကြာမှပြီးပါတယ်။ On-access scan ကလည်း တူတူပါပဲ။ ၆ မိနစ်နဲ့ ၄၃ စက္ကန့် ရှိပါတယ်။ Microsoft Security Essentials မှာ ရလဒ် ကောင်းတွေရှိပေမယ့် တခြားရွေးချယ်စရာတွေကို စဉ်းစားတာက ပိုကောင်းမယ်လို့ထင်ပါတယ်။

## Malwarebytes’ Antimalware

Malwarebytes' Antimalware ကလက်ရှိလုံခြုံရေး software ကို အားဖြည့်ပေးမယ့် product တစ်ခုဖြစ်တယ်။ Malwarebytes' Antimalware ပြုလုပ်သူ (*find.pcworld.com/72885*) က "zero-day" malware အသစ်တွေကို ခြေရာခံဖို့နဲ့ ဖယ်ရှားဖို့အတွက် အထူးပြုလုပ်ထားပါတယ်။ ဒီအလုပ်တွေကိုလုပ်ဖို့ တူညီတဲ့နည်းပညာတွေကို အသုံးပြုထားပါတယ်။

Malware အသစ်တွေကို တားဆီးတဲ့နေရာမှာ တခြားအခမဲ့ရတာတွေထက် ပိုကောင်းပါတယ်။ လက်တွေ့စမ်းသပ်ချက်မှာ malwarebytes က ၇၈.၈ ရာခိုင်နှုန်းလောက်ကို ကာကွယ်နိုင်ပါတယ်။ ဒါက သာမန်ထက်ကို နည်းနည်းသာလွန်ပါတယ်။ တခြား ၁၄.၃ ရာခိုင်နှုန်းလောက်ကို တစ်စိတ်တစ်ပိုင်းလောက်တော့ ကာကွယ်ပေးနိုင်ပါတယ်။ ပြီးတော့ တော်တော်လည်း မြန်ပါတယ်။ ဒါက စမ်းသပ်ခဲ့တဲ့ထဲမှာတော့ အမြန်ဆုံးလည်းဖြစ်ပါတယ်။ Malwarebyte's က antivirus program တစ်ခုအနေနဲ့တော့ အသုံးပြုဖို့ကောင်းလှတဲ့ အရာတော့မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ၄ လလောက်ကထွက်တဲ့ malware တွေကို ကာကွယ်ရာမှာ ၅၇.၁ ရာခိုင်နှုန်းလောက်ကိုပဲ ကာကွယ်နိုင်ပါတယ်။ အခမဲ့ program တွေထဲမှာ ဒီရလဒ်က တော်တော်ကို ဆိုးရွားပါတယ်။

ဒီ software ရဲ့ interface က ရှုပ်ရှုပ်ထွေးထွေး မရှိလှပါဘူး။ တော်တော်ကို ရှင်းလင်းပါတယ်။ နောက်ထပ် အရမ်းကောင်းတဲ့ feature တစ်ခုကတော့ Chameleon ဖြစ်ပါတယ်။ အဲဒါက malware တစ်ခုက သူ့ကို ပိတ်ထားရင်တောင်မှ run နိုင်ပါတယ်။ Malwarebytes' ထုတ်လုပ်တဲ့သူက ဒါကို ဦးစားပေးနေရာမှာထားပြီး ကာကွယ်ဖို့ ထုတ်လုပ်ထားတာ မဟုတ်ပါဘူး။ ဒီလိုကာကွယ်ဖို့ကိုလည်း မကြိုးစားသင့်ပါဘူး။ ဒါပေမဲ့ ဒါဟာ လုံခြုံရေးအတွက် အပိုထည့်စဉ်းစားရမယ့်အရာတစ်ခုဖြစ်ပါတယ်။ ■




PC tools Antivirus free က ကောင်းတဲ့အချက်တွေလည်း ရှိပေမယ့် paid version ကို ခဏခဏ ဝယ်ခိုင်းတတ်ပါတယ်

# PC Tools Antivirus Free

PC Tools Antivirus Free 2012 မှာ အားသာချက်တွေရှိပေမယ့် နောက်ဆုံးပေါ် malware တွေကိုတော့ ကောင်းကောင်း မတားဆီးနိုင်ပါဘူး။ လက်တွေ့ malware တွေကို တားဆီးရာမှာ ၅၇.၁ ရာခိုင်နှုန်းသာ တားဆီးနိုင်ခဲ့တဲ့အတွက် ပြိုင်ပွဲမှာ အဆင့်နောက်ရောက်ခဲ့ပါတယ်။

အကောင်းဘက်က ကြည့်ရင်လွန်ခဲ့တဲ့လေးလလောက်ကထွက်တဲ့ malware တွေကိုတော့ ၉၉.၉၆ ရာခိုင်နှုန်းလောက် ကာကွယ်နိုင်ပါတယ်။ ကူးစက်ခံထားရတဲ့ PC တွေကို ကုသတဲ့နေရာမှာတော့ အတော်ကို ကောင်းပါတယ်။ စမ်းသပ်တဲ့ PC မှာရှိတဲ့ ကူးစက်ခံရမှုအားလုံးကို ထောက်လှမ်းပေးပြီး ၉၃ ရာခိုင်နှုန်းလောက်ကို ကုသနိုင်ခဲ့ပါတယ်။ ဒီအပြင် malware တွေရဲ့ ခြေရာလက်ရာတွေကိုပါ ၇၃ ရာခိုင်နှုန်းလောက် ရှင်းပေးနိုင်ပါသေးတယ်။

PC Tools AntiVirus Free ရဲ့ လုပ်ဆောင်ချက်ကို အများကြီး ကျဆင်း တာတွေမျိုး မရှိပါဘူး။ Scan speed ကို စမ်းသပ်ရာမှာတော့ အဆိုးရောအကောင်းပါ ရောနေပါတယ်။ On-demand scanner က နှေးပါတယ်။ ၄ မိနစ်နဲ့ ၅၁ စက္ကန့် ကြာပါတယ်။ On-access scanner ကတော့ ၂ မိနစ် ၅၀ စက္ကန့် ပဲကြာပါတယ်။ ဒါကတော့ စမ်းသပ်သမျှထဲမှာ ဒုတိယ အကောင်းဆုံးရလဒ်ပါ။ PC Tools က သုံးရတာ လွယ်ကူရိုးရှင်းပါတယ်။ သူ့ screen ကို ပုံစံချထားတာတော်တော်လေးကောင်းပါတယ်။ စိတ်ပျက်စရာအချက်ကတော့ ဝယ်သုံးရတဲ့ version ကို အမြဲလိုလို ပြောင်းခိုင်းတာကြောင့်ပဲ ဖြစ်ပါတယ်။

# Comodo Internet Security Premium

Comodo Internet Security Premium 5.9 မှာ အသုံးပြုရလွယ်ကူတဲ့ interface ရှိပြီး Firewall လည်း ပါပါသေးတယ်။ စမ်းသပ်ခဲ့တဲ့ထဲမှာ firewall ပါတာ ဒီတစ်ခုပဲရှိပါတယ်။ ဒါပေမဲ့ malware တွေကို တားဆီးတာနဲ့ ရှင်းလင်းတဲ့နေရာမှာ ရှေ့ကစမ်းသပ်ခဲ့တာတွေကို မမီပါဘူး။ လက်တွေ့စမ်းသပ်ချက်မှာတော့ Comodo ရဲ့ စွမ်းဆောင်ရည်က မဆိုးပါဘူး။ နောက်ဆုံးပေါ် malware တွေရဲ့ ရန်ကနေ ၇၈.၆ ရာခိုင်နှုန်းလောက် ကာကွယ်ပေးနိုင်ပါတယ်။ တခြား အခမဲ့ antivirus program တွေနဲ့ ယှဉ်ရင် ပုံမှန်ထက်သာပါတယ်။ ဒါ့ပြင် တိုက်ခိုက်မှုတွေရဲ့ ၂၁.၄ ရာခိုင်နှုန်းကိုလည်း ကာကွယ်နိုင်ပါသေးတယ်။ ဒါပေမဲ့ တကယ်နာမည်ကြီးတဲ့ malw-are တွေကို တားဆီးရာမှာ Comodo က အားနည်းပါတယ်။ Zoo sample တွေနဲ့ စမ်းသပ်ရာမှာတော့ ၉၈.၂ ရာခိုင်နှုန်းကို ခုခံနိုင်ပါတယ်။ ဒါက ရလဒ်ကောင်းထွက်တယ်လို့ ဆိုနိုင်ပါတယ်။ တကယ်တော့ စမ်းသပ်ခဲ့တဲ့အထဲမှာ ၂ ခုလောက်ပဲ ဆိုးဆိုးဝါးဝါးရှိတာပါ။

Malware တွေကို ရှင်းလင်းတာက Comodo ရဲ့ Achilles's heel ဖြစ်ပါတယ်။ ကူးစက်ခံရမှုတွေအားလုံးကို သိရှိပြီး ၈၀ ရာခိုင်နှုန်းလောက်သာ တားဆီးနိုင်ပါတယ်။ တကယ့် အကောင်းစားတွေနဲ့စာရင်တော့ နိမ့်ပါတယ်။ တခြား product တွေထက်ကို malware လွတ်မြောက်သွားမှု သိသိသာသာပိုပြီး malware တွေရဲ့ ခြေရာခံမှုတွေကိုလည်း သုံးပုံတစ်ပုံလောက်ကိုသာ ရှင်းပေးနိုင်ပါတယ်။ ဒါပေမဲ့ Comodo က တော်တော့်ကို ပေါ့ပါးပါတယ်။ ထူးဆန်းတဲ့အချက်က network ပေါ်က file တွေကူးရာမှာအတော်လေး နှေးတာပါပဲ။ ဒီအပြင် file တွေကို scan ဖတ်တဲ့နေရာမှာလည်း နှေးပါသေးတယ်။ On-demand scan က ၄ မိနစ်နဲ့ ၃၁ စက္ကန့်တောင်ကြာလို့ တတိယအနှေးဆုံး ရလဒ်ဖြစ်ပါတယ်။ On-access scan ဟာလည်း ၁၃ မိနစ်နဲ့ ၅၄ စက္ကန့် ကြာပါတယ်။ ဒါကတော့ အနှေးဆုံးဆိုတဲ့ product ထက် ၂ ဆလောက်ကို နှေးလွန်းပါတယ်။ ဒါပေမဲ့ firewall ပါတာက Comodo ကို ထူးခြားတဲ့ product တစ်ခု ဖြစ်စေပါတယ်။



သီတာ